# JICA ALUMNI INFO

(Contributing to multi-sectoral developments in Myanmar)

Issue No.31 Sept 2015


## Responsibility of JICA Alumni and New Myanmar



Five months have passed very rapidly since I assumed my duty as Chief Representative of JICA Myanmar Office. It was my great honor and pleasure to meet many of you, JAAM members, when I participated in the Field-wise Seminar at my office in June and in the 4th Tree Planting Ceremony at the Central Domiciliary Midwifery Training School in July. I have always been impressed by and felt comfortable with the unity and friendship of the JAAM members. Not only that. I could not help respecting the participants who were highly motivated to learn each other and to contribute to making a difference for the better future.

Several East Asian countries enjoyed more than a decade long high economic growth without widening the gap between the rich and the poor too much during the last half-century. It was often called as the East Asian Miracle. Existence of good institution supported by capable and highly motivated technocrats was said to be one of key factors to promote economic development and industrialization for creating this miracle. Though Myanmar got a late start, it is time to narrow the gap and to catch up with advanced Asian countries. I am sure that JAAM members can contribute to creating the Myanmar Miracle. JICA looks forward to working with JAAM in this regard.


Keiichiro NAKAZAWA
Chief Representative
JICA Myanmar Office


## မြန်မာနိုင်ငံဂျိုက်ကာပညာသင်ဟောင်းများအသင်း ဒလမြို့နယ်သို့ သောက်သုံးရေလှူဒါန်းပွဲ

JAAM အသင်း၏ဆောင်ရွက်မှုတစ်ရပ်အဖြစ် နွေရာသီတွင် သောက်သုံးရေ အခက်အခဲဖြစ်နေသော နေရာဒေသတစ်ခုဖြစ်သည့် ဒလမြို့နယ်သို့ သောက်သုံးရေလှူဒါန်းခဲ့ပါသည်။ ၂၀လီတာဝင် သောက်ရေသန့်ဘူး(၂၀၀၀)လှူဒါန်းရန်အတွက် ဒလမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာရပ်ကွက်၊ မော်စက်ရပ်ကွက်၊ ကျန်စစ်သားရပ်ကွက်တို့ကိုရွေးချယ်ခဲ့ပါသည်။ ၂၄.၅.၂၀၁၅(တနင်္ဂနွေနေ့)တွင် သောက်သုံးရေ သွားရောက်လှူဒါန်းရာ JAAM အသင်းသား၊ အသင်းသူ(၅၀)ဦးခန့် တက်ကြွစွာလိုက်ပါခဲ့ကြပါသည်။



ရှေးဦးစွာကျန်းမာရေးဝန်ထမ်းအိမ်ရာ ရပ်ကွက်သို့ရောက်ရှိခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး နှင့် အဖွဲ့ဝင်များ ရပ်ကွက်နေပြည်သူများကကြိုဆိုခဲ့ကြပါသည်။သောက်သုံးရေလှူဒါန်းခြင်းအခမ်းအနားတွင်JAAM ဥက္ကဋ္ဌဦးအောင်ဒင်က ဒလမြို့နယ်သို့ သောက်သုံးရေ လှူဒါန်းရခြင်းအကြောင်း နှင့် JAAM အသင်းအကြောင်းတို့ကိုပြောကြားခဲ့ပါသည်။ ထို့နောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနိုင်ဦး နှင့်ရပ်ကွက်လူမှုရေးအဖွဲ့အစည်းမှ ဦးမိုးသူ တို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပါသည်။



ထို့နောက် JAAM အသင်းမှ လှူဒါန်းသောသောက်ရေသန့်ဘူး (၉၀၀) ကို ကျန်းမာရေးဝန်ထမ်းအိမ်ရာရပ်ကွက်သို့အသင်းသူအသင်းသားများမှကိုယ်တိုင်ကိုယ်ကျလှူဒါန်းခဲ့ကြပါသည်။ ဆက်လက်၍ ကျန်စစ်သားရပ်ကွက်နေ ပြည်သူများအား သောက်ရေသန့်ဘူး (၃၀၀)လှူဒါန်းခဲ့ပါသည်။ရပ်ကွက်နေပြည်သူများမှဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်စကားများ ပြောကြား၍ ရေသန့်ဘူးများကို လက်ခံကြပါသည်။



ထို့နောက် မော်စက်ရပ်ကွက်တွင် ရပ်ကွက်ဘုန်းတော်ကြီးကျောင်းသို့ ရေသန့်ဘူး (၅၀) ကို လှူဒါန်းခဲ့ပြီးရပ်ကွက်နေ ပြည်သူများအား ရေသန့်ဘူး (၇၅၀) လှူဒါန်းခဲ့ပါသည်။ရပ်ကွက်နေပြည်သူများဝမ်းသာပျော်ရွှင်စွာဖြင့် ရေသန့်များလာရောက်တန်းစီလက်ခံကြသည်ကိုကြည်နူးဖွယ်တွေ့ရှိခဲ့ရပါသည်။

ယခုကဲ့သို့ အခက်အခဲဖြစ်နေသော နေရာဒေသများသို့ ကူညီဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်နိုင်ကြပါရန် JAAM အသင်းဝင်များအား ဖိတ်ခေါ်အပ်ပါသည်။



ဒေါ်ခင်မြင့်မြင့်ချို

## မြန်မာနိုင်ငံဂျိုက်ကာ ပညာသင်ဟောင်းများအသင်း၏ (၂၂) ကြိမ်မြောက်နည်းပညာဆိုင်ရာနှီးနှောဖလှယ်ပွဲ ကျင်းပခြင်း (ရန်ကုန်)

၂၀၁၅ ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့၊ မွန်းလွဲ (၁) နာရီတွင် JAAM ၏(၂၂) ကြိမ်မြောက် Technical Field-wise Seminar ကို JICA(မြန်မာ) ရုံး အစည်းအဝေးခန်းမ တွင်ကျင်းပပါသည်။ JICA Myanmar Office ၏ Chief Representative Mr.Keiichiro NAKAZAWA နှင့် အသင်းသူအသင်းသား (၄၉)ဦးတက်ရောက်ခဲ့ပါသည်။အဖွဲ့ဥက္ကဋ္ဌဦးအောင်ဒင်က JICA ၏ CR အသစ်ဖြစ်သော Mr.Keiichiro NAKAZAWA ကို တတ်ရောက်လာသူအသင်းသားများနှင့် မိတ်ဆက်ပေးပြီး အဖွင့်အမှာစကားပြောကြားပါသည်။ယင်းနောက်စာတမ်းရှင်နှစ်ဦးတို့၏ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းများကိုဖတ်ကြားမိတ်ဆက်ပါသည်။



ပထမစာတမ်းရှင်ဖြစ်သော ဦးတင်ရွှေဦး၊ ဒုတိယညွှန်ကြားရေးမှူး(Boiler and Inspection) စက်မှုဝန်ကြီးဌာနက "Industrial Saftey" အကြောင်းကို စိတ်ဝင်စားဖွယ် Power point ဖြင့်တင်ပြခဲ့ပါသည်။ မိမိတို့နိုင်ငံရှိစက်မှုလုပ်ငန်း၊ စက်ရုံများ၌ အသုံးပြုကြသော Boiler များ၏အခြေခံအချက်အလက်များကို သိရှိနားလည်၍ စနစ်တကျသုံးစွဲနိုင်ရေးနှင့်လိုက်နာဆောင်ရွက်ရမည့် အချက်၊ ရေရှည် Boiler များကို ပတ်ဝန်းကျင်နှင့် လျော်ညီစွာ အသုံးပြုနိုင်ရေးကို တင်ပြခဲ့ပါသည်။ တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ စာတမ်းရှင်က ရှင်းလင်းဖြေကြားခဲ့ပါသည်။



ဆက်လက်၍ဒုတိယစာတမ်းရှင်ဒေါ်ခင်အေးအေးမော် (လက်ထောက်ညွှန်ကြားရေးမှူး Financial Market Department, Central Bank of Myanmar)က "Stock Exchange Development in Myanmar" ခေါင်းစဉ်ဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။ နိုင်ငံတကာ၏စီးပွားရေးလုပ်ငန်းဈေးကွက်တွင် Stock Exchange ဆောင်ရွက်မှုဖြင့် ငွေကြေးလည်ပတ်မှုကိုဆောင်ရွက်နေပြီး၊ မြန်မာပြည်ရှိဗဟိုဘဏ်မှ စီးပွားရေးလုပ်ငန်းငွေကြေးလည်ပတ်မှုအား Stock Exchange များဖြင့်ဆောင်ရွက်ရန် စီစဉ်နေကြောင်း၊ ဆောင်ရွက်မှုအဆင့်ဆင့်တိုင်းတွင် မိမိနိုင်ငံ၏ Rules and Regulations အတိုင်းဆောင်ရွက်ရေး



အတွက် စာတမ်းရှင်က အသေးစိတ်ရှင်းလင်းတင်ပြပါသည်။ တက်ရောက်လာကြသူများကသိရှိလိုသောအချက်များ မေးမြန်းခဲ့ကြရာ စာတမ်းရှင်က ရှင်းလင်းဖြေကြားခဲ့ပါသည်။ ထို့နောက် JICA Myanmar Office ၏ Chief Representative Mr.Keiichiro က စာတမ်းရှင်နှစ်ဦးအား ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ဒေါ်အေးမြင့်

## (၂၅) ကြိမ်မြောက် AJAFA-21၏ရုပ်မြင်သံကြား အစည်းအဝေး (Video Conferencing)

(၂၅) ကြိမ်မြောက် AJAFA-21 ၏ရုပ်မြင်သံကြားအစည်းအဝေး (video conferencing) ကို ၂၀၁၅ ခုနှစ် ဇွန်လ (၂၅) ရက်၊ဂျပန်စံတော်ချိန် (၁၁) နာရီမှမွန်းလွဲ (၁) နာရီအထိ AJAFA -21 အဖွဲ့ဝင်နိုင်ငံများရှိ JICAရုံးများတွင် တစ်ပြိုင်နက် ကျင်းပပြုလုပ်ခဲ့ပါသည်။



ဤအစည်းအဝေးသို့ မြန်မာနိုင်ငံဂျိုက်ကာပညာသင်ဟောင်းများအသင်း၏ ဥက္ကဋ္ဌဦးအောင်ဒင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မျိုးမင်း၊ အတွင်းရေးမှူး ဒေါ်စန္ဒာအောင်၊ ဂျိုက်ကာရုံးမှ ဦးကျော်လွင်ဦး နှင့်နော်မေရီဂျွန်တို့မှတက်ရောက်ခဲ့ကြပါသည်။ ဤအစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံမှ ဂျိုက်ကာပညာသင်ဟောင်းများအသင်း (KAPPIJA) ၏ ဥက္ကဋ္ဌ Mr.Mulyono Lodji က သဘာပတိအဖြစ် ဆောင်ရွက်ပြီး Japan DAY အဖွဲ့မှ Mr. Akira Nakayama က အစည်းအဝေးဆောင်ရွက်ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ကြပါသည်။ကမ္ဘောဒီးယား၊အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်တို့မှ တာဝန်ရှိသူ အသီးသီး တို့ တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။



(၂၁) ကြိမ်မြောက် Regional Leaders Forum ကို(၂၀၁၅) ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်မှ (၂၄) ရက်ထိ ဖိလိပိုင်နိုင်ငံ Iloilo မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာခဲ့ပါသည်။ AJAFA-21၏(၂၈)ကြိမ်မြောက်အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကို လာအိုနိုင်ငံတွင် ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၌ Vientienne မြို့တော်တွင် ကျင်းပရန်သဘောတူခဲ့ကြပါသည်။

ဆက်လက်၍ တက်ရောက်လာသော အသင်းဝင်နိုင်ငံ အသီးသီးက အသင်းလိုက်လုပ်ဆောင်ချက်များကို တင်ပြခဲ့ပါသည်။ ဤအစည်းအဝေး၏ သဘောတူညီချက်ဖြင့် (၂၆) ကြိမ်မြောက် AJAFA-21 ၏ ရုပ်မြင်သံကြားအစည်းအဝေးကို (၂၀၁၅) ခုနှစ် စက်တင်ဘာလ (၁၇) ရက် ဂျပန်စံတော်ချိန် နံနက် (၁၁) နာရီမှ မွန်းလွဲ (၁) နာရီထိ ပြုလုပ်ကျင်းပသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပြီးအင်ဒိုနီးရှားနိုင်ငံ၏ပညာသင်ဟောင်းများအသင်း ဥက္ကဋ္ဌဖြစ်သူ Mr. Mulyono Lodji မှ အစည်းအဝေးကိုနိဂုံးချုပ် ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

ဒေါ်စန္ဒာအောင်

## JICA Pre-departure Orientation

JICA အထောက်အပံ့ဖြင့် ဂျပန်နိုင်ငံသို့ ပညာသင်လေ့လာရေး၊ Young Leader Training အစရှိသည်ဖြင့် သွားရောက်ကြမည့်သူများကို JICA (မြန်မာ) ရုံး၌ Pre-departure Orientation ပြုလုပ်ရာတွင် JAAM ၏ အလုပ်အမှုဆောင်များက အသင်း

အကြောင်းနှင့် အသင်းဝင်ရောက်ကြရန် ပြောကြားခြင်း၊အသင်း၏ ဝင်ငွေရရှိရေးအတွက် လုပ်ဆောင်ထားသောလက်ဆောင်ပေး အသုံးအဆောင်ပစ္စည်းများကိုရောင်းချခြင်းများကိုလုပ်ဆောင် လျက်ရှိပါသည်။



(၂၁-၈-၂၀၁၅)(သောကြာနေ့) ညနေ(၃)နာရီတွင် JAAM ၏ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သော ဦးအောင်မျိုးမင်း နှင့် အတွင်းရေးမှူး ဒေါ်စန္ဒာအောင်တို့သည် JICA (မြန်မာ) ရုံးတွင် Young Leader Training တက်ရောက်ကြမည့် ကျန်းမာရေးဝန်ကြီးဌာနမှမိခင်နှင့်ကလေးကျန်းမာရေးစီမံမှုဆိုင် ရာသင်တန်းတက်ရောက်ကြမည့် အမျိုးသမီးဆရာဝန် (၁၅)ဦး၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ကြမည့်သူများနှင့်လေ့လာရေး ခရီးသွားကြ၍အသင်း၏သူများအပါအဝင်စုစုပေါင်း(၄၁)ဦး တို့ကို တွေ့ဆုံခဲ့ကြ၍ JAAM အသင်း၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး အသင်းဝင်ရောက်ရန် ဖိတ်ခေါ်ခဲ့ပါသည်။



ဆက်လက်၍ Young Leader Training တက်ရောက်ကြမည့်ကျန်းမာရေးဝန်ကြီးဌာနမှမိခင်နှင့်ကလေးကျန်းမာရေးစီမံမှုဆိုင်ရာသင်တန်းတက်ရောက်ကြမည့်အမျိုးသမီးဆရာဝန် (၁၅) ဦးကို JICA (မြန်မာ)ရုံးမှ Sule Shangrila ဟိုတယ်တွင် တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ JAAM ၏ ဒုတိယဥက္ကဋ္ဌ သည်လည်း တက်ရောက်ခဲ့ပါသည်။



JICA (မြန်မာ)ရုံးဌာနေကိုယ်စားလှယ် Mr. Mr. Keiichiro Nakazawa၊ ဂျပန်သံရုံးမှ Counselor, Mr. Hideaki Matsuo နှင့် ကျန်းမာရေးဝန်ကြီးဌာမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ နင်းနင်းလွင် တို့ကအသီးသီး အမှာစကားပြောကြားကြပါသည်။ သင်တန်းသူတစ်ဦးဖြစ်သည့် ဒေါက်တာအိအိကျော်ကသင်တန်း သူများ၏ ကိုယ်စားကျေးဇူးတင်စကားပြောကြားကာအမှတ်တရ စုပေါင်း၍ ဓာတ်ပုံရိုက်ကြပါသည်။




ဦးအောင်မျိုးမင်း

## အထူးကြေညာချက်

- ရေဘေးပြန်လည်ထူထောင်ရေးအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက JAAM ၏ Bank Account ဖြစ်သော မြဝတီဘဏ် S121S00110098185 သို့ ဒေါ်စန္ဒာအောင် (သို့မဟုတ်) ဦးတင်မြင့် အမည်ဖြင့် ပေးပို့လှူဒါန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။
- JAAM အသင်း၏ နှစ်စဉ်ကြေးမှာ ၅၀၀၀ ကျပ်ဖြစ်ပါသည်။ JAAM အသင်း၏ နှစ်စဉ်ကြေးကိုလည်း JAAM ၏ အထက်ပါ Bank Account သို့ထည့်သွင်း၍ ရနိုင်ပါသည်။
- JAAM ၏ TFS ကို (၃)လတစ်ကြိမ်ကျင်းပပြုလုပ်လျက်ရှိရာ မိမိတို့၏ ဂျပန်နိုင်ငံတွင် သင်ယူခဲ့သောအကြောင်းအရာများ နှင့် လုပ်ငန်းခွင်အတွေ့အကြုံများကို တင်ပြလိုသောအသင်းသားများအား JAAM ၏ Secretary Naw Mary John 01 255473~6(Ext : 178) Nawmaryjohn.my@jica.go.jp သို့ ဆက်သွယ်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။